ပုံစံ(၁၁)

# ခုံသမာဓိကောင်စီ

## ခုံအဖွဲ့၏ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃(စ) }

## ခုံအဖွဲ့

၂၀၁၇ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၅၉/၂၀၁၇)

| | |
|---|---|
| ဒေါ်သီဂီဝင်း၊ ဝင်းသီဂီကုမ္ပဏီ၊ အမှတ်(၂၁၆/၂၂၂)၊(၄၉)လမ်း(အလယ်ဘလောက်)၊ အနော်ရထာလမ်းနှင့် ဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဦးအောင်မြင့်သိန်း ဒေါ်မေသူမြင့်ဆွေ (ကိုယ်စားလှယ်)၊ အမှတ်(၄၈)၊ နှင်းဆီ(၁)လမ်း၊ ရွှေကြာပင်ရပ်၊ ဇဗ္ဗူသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်

## ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၄၉)လမ်း(အလယ်ဘလောက်)၊ အနော်ရထာလမ်းနှင့် ဗန္ဓုလလမ်း၊ အမှတ်(၂၁၆/၂၂၂)ရှိ ဝင်းသီဂီကုမ္ပဏီ ပိုင်ရှင် ဒေါ်သီဂီဝင်းနှင့် ဦးအောင်မြင့်သိန်း တို့ကြားဖြစ်ပွားသော အငြင်းပွားမှုကို ဥတ္တရသီရိမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက် ပေးခဲ့သော်လည်း ပြေလည်မှုမရရှိသဖြင့် နေပြည်တော်၊ ပြည်ထောင်စုနယ်မြေ၊ ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ် (၁/၂၀၁၇) အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ၊ ၂၄ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၂။ ဤအငြင်းပွားမှုသည် တောင်းဆိုသူ ဦးအောင်မြင့်သိန်းမှ တောင်းဆိုခြင်းခံရသူ ဒေါ်သီဂီဝင်း (ပိုင်ရှင်)ထံတွင် Substation (A)မှ (C)သို့ ပြောင်းလဲခြင်း၊ ယင်းသို့ပြောင်းလဲခြင်းသည် အလုပ် ရပ်စဲသည့်သဘောဖြစ်ခြင်း၊ မကျန်းမာ၍ဆေးရုံတက်ဆေးကုသနေစဉ် အလုပ်ရှင်၏ ကုန်ကျစရိတ် ဖြင့် ဆေးဝါးကုသခွင့်မရခြင်း၊ အလုပ်ခန့်ထားခြင်းဆိုင်ရာသဘောတူစာချုပ်အား မိမိကိုမပေးခြင်း

နှင့် သက်ဆိုင်ရာဌာနများသို့မပေးပို့ခြင်းတို့ကြောင့် ကျေနပ်မှုမရှိ၍ တောင်းဆိုသည်မှ ဖြစ်ပွားလာသော အငြင်းပွားမှုဖြစ်သည်။

၃။ ဆိုတောင်းဆိုချက်အပေါ်တွင် နေပြည်တော်၊ ပြည်ထောင်စုနယ်မြေ၊ ခုံသမာဓိအဖွဲ့က ကောက်ချက် (၅) ချက် ရေးဆွဲပြီးအဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူ ဒေါ်သိဂီဝင်း (ပိုင်ရှင်) မှ အောက်ပါကောက်ချက်အမှတ်(၂)နှင့် ကောက်ချက်အမှတ်(၅) အပေါ်တွင် ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ လျှောက်ထားခြင်းဖြစ်သည်-

| | |
|---|---|
| ကောက်ချက်အမှတ်(၁)။ | အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်စာချုပ်ပါ အချက်အလက်များကို ကျူးလွန်ဖောက်ဖျက်ခြင်းရှိ/မရှိ။ |
| ဆုံးဖြတ်ချက်အမှတ်(၁)။ | အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ပါ အချက်အလက်များကို ကျူးလွန်ဖောက်ဖျက်သဖြင့် ထိရောက်စွာအရေးယူပေးပါရန် အချက်သည် သက်ဆိုင်ရာဥပဒေစည်းကြပ်သည့် ဌာန၏လုပ်ပိုင်ခွင့် မူဘောင်အတွင်းကျရောက်ပြီး ခုံသမာဓိအဖွဲ့၏ ဆောင်ရွက်လုပ်ပိုင်ခွင့်အတွင်း အကျုံးမဝင်၍ တောင်းဆိုချက်အား ပလပ်လိုက်ကြောင်း ဆုံးဖြတ်လိုက်သည်။ |
| ကောက်ချက်အမှတ်(၂)။ | Substation (A) မှ (C) သို့ ရာထူးချအလုပ်ရပ်စဲသည့်သဘောသက်ရောက်ပါသဖြင့် နစ်နာ၍အရေးယူပေးပါရန်နှင့် Substation (A)သို့ ပြန်လည်ခန့်ထားပေးရန် သင့်/မသင့်။ |
| ဆုံးဖြတ်ချက်အမှတ်(၂)။ | အလုပ်ရှင်မှ အလုပ်သမားအား Substation (A)မှ (C)သို့ ပြောင်းလဲခြင်းသည် မည်သည့်ပြစ်ချက်များရှိ၍ ပြောင်းလဲခြင်းဖြစ်ကြောင်း အလုပ်ရှင်မှ တင်ပြနိုင်ခြင်းမရှိသည့်အတွက် အလုပ်သမားအား (A) အဆင့်သို့ ပြန်လည်ခန့်ထားသင့်ကြောင်း ဆုံးဖြတ်လိုက်သည်။ |
| ကောက်ချက်အမှတ်(၃)။ | မကျန်းမာ၍ ဆေးရုံတက်ကုသနေစဉ် အလုပ်ရှင်၏ကုန်ကျစရိတ်ဖြင့် ဆေးဝါးကုသခွင့်မရသည့်အတွက် ကုန်ကျစရိတ်ကို အလုပ်ရှင်မှ ပေးသင့်/မပေးသင့်။ |
| ဆုံးဖြတ်ချက်အမှတ်(၃)။ | အလုပ်သမားသည် လူမှုဖူလုံရေးအကျုံးဝင် အလုပ်သမားဖြစ်သဖြင့် ဆေးရုံတက်ရောက်ကုသမှုခံယူနေစဉ်အတွင်း လူမှုဖူလုံရေးအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်သင့်ကြောင်း ဆုံးဖြတ်သည်။ |

ကောက်ချက်အမှတ်(၄)။ ဌာန (DPTSC) မှ တောင်းခံရယူငွေနှင့် ကျွန်တော်တို့အား လစာပေးချေမှုကွာခြားခြင်းအတွက် နစ်နာမှုရှိ/မရှိ။

ဆုံးဖြတ်ချက်အမှတ်(၄)။ ဦးအောင်မြင့်သိန်းသည် လစာတစ်ဆယ့်ရှစ်သိန်းဖြင့် လုပ်ကိုင်ခဲ့ခြင်းဖြစ်စေသည့်အတွက် လစာနှင့်ပတ်သက်၍ နစ်နာမှုမရှိကြောင်း ဆုံးဖြတ်သည်။

ကောက်ချက်အမှတ်(၅)။ လူမှုဖူလုံရေးအသင်းဝင်ခြင်း၊ ဝင်ငွေခွန်ပေးခြင်းတို့အတွက် စာရင်းပြုလုပ်မပေးဘဲ လစာငွေပေးခြင်းမှ ဖြတ်တောက်ငွေစာရင်း ပေးသင့်/မပေးသင့်။

ဆုံးဖြတ်ချက်အမှတ်(၅)။ အလုပ်ရှင်မှ အလုပ်သမား၏လစာမှ ဖြတ်တောက်ငွေစာရင်းများကို ပေးရန်ဆုံးဖြတ်သည်။

၄။ နေပြည်တော်၊ ပြည်ထောင်စုနယ်မြေ၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၁/၂၀၁၇) ဆုံးဖြတ်ချက်အမှတ် (၂)နှင့် အမှတ်(၅)အပေါ်တွင် ကျေနပ်မှုမရှိသဖြင့် ဝင်းသိဂီကုမ္ပဏီ ပိုင်ရှင် ဒေါ်သိဂီဝင်းမှ ခုံသမာဓိကောင်စီသို့ အယူခံလျှောက်ထားလာသဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ၊ အမိန့်ကြော်ငြာစာအမှတ် (၆၅/၂၀၁၇) ဖြင့် ခုံသမာဓိကောင်စီ၊ အမှုအမှတ်(၅၉/၂၀၁၇)အား ကြားနာစစ်ဆေးမည့် အစိုးရကိုယ်စားလှယ် ဦးအောင်သန်း၊ အလုပ်ရှင်ကိုယ်စားလှယ် ဦးထွန်းအောင်၊ အလုပ်သမားကိုယ်စားလှယ် ဦးသိန်းကြွယ်တို့ပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၅။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အမှုတွဲကိုလက်ခံရရှိပြီးနောက် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့နှင့် ခုံသမာဓိအဖွဲ့၏မှတ်တမ်းများ၊ တင်ပြလာသောစာရွက်စာတမ်းများ၊ အထောက်အထားသက်သေခံများ၊ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာများ၊ နစ်ဖက်ထွက်ဆိုချက်များအပေါ် အခြေခံ၍ အောက်ပါအတိုင်းကောက်ချက်ရေးဆွဲပြီး စီရင်ဆုံးဖြတ်လိုက်သည်-

ကောက်ချက်အမှတ်(၁)။ ဦးအောင်မြင့်သိန်းအား Substation (A)သို့ ပြန်လည်ခန့်ထားပေးရန် သင့်/မသင့်။

ကောက်ချက်အမှတ်(၂)။ လူမှုဖူလုံရေးအသင်းဝင်ခြင်း၊ ဝင်ငွေခွန်ပေးခြင်းတို့ အတွက် စာရင်းပြုလုပ်မပေးဘဲ လစာငွေပေးခြင်းမှ ဖြတ်တောက်ငွေစာရင်း ပေးသင့်/မပေးသင့်။

**တွေ့ရှိချက်**

၆။ (၂၇-၆-၂၀၁၇) ရက်နေ့၊ ဥတ္တရသီရိမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ရှေ့မှောက်တွင် အလုပ်သမားက ထွက်ဆိုချက်များမှာ (၁) Substation Engineer (A) လစာ (၁၈)သိန်းဖြင့် အလုပ်လုပ်ခဲ့ကြောင်း၊ (၂) (၁၂-၅-၂၀၁၇) ရက်စွဲပါ ညွှန်ကြားရေးမှူး၊ ဦးကြည်စိန်းလင်း၏စာအရ Substation Engineer (A) အဆင့်မှ (C) အဆင့်သို့ ဖွန်လမှစ၍ ပြောင်းလဲသတ်မှတ်ခဲ့ကြောင်း၊ (၃) Substation Engineer (C)၏ သဘောသဘာဝသည် ကာလ(၈)လဖြစ်သည့်အတွက် (၇-၇-၂၀၁၇) ရက်နေ့ လုပ်ရက်ပြည့်သဖြင့် အလုပ်မှရပ်နားရမည်ဖြစ်ပါသည်။(A)အဆင့်ဖြင့် လ(၅၀)သဘောတူညီမှုအား ပူးပေါင်း၍ဖောက်ဖျက်ကြောင်း စသောအချက်များဖြစ်ပါသည်။

၇။ (၂၄-၇-၂၀၁၇) ရက်နေ့၊ သက်ဆိုင်ရာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ရှေ့မှောက်တွင် အလုပ်သမား၏ထွက်ဆိုချက်များမှာ မူလခန့်ထားသော လ(၅၀)မှ လုပ်ကိုင်ပြီးသည့် (၈)လစာနုတ်၍ ကျန် (၄၂)လအတွက် လစာ(၁၈)သိန်းနှုန်းဖြင့် ကျပ်ခုနစ်ရာငါးဆယ်ခြောက်သိန်းတိတိအား နစ်နာကြေးပေးချေမည်ဆိုပါက တိုင်ကြားမှုအား ရုပ်သိမ်းရန်လက်ခံပါသည်ဆိုသော အချက်ဖြစ်ပါသည်။

၈။ (၂၁-၈-၂၀၁၇)ရက်စွဲဖြင့် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ခုံသမာဓိအဖွဲ့သို့ အလုပ်သမားက တင်ပြသည့်တောင်းဆိုလွှာတွင် (၁) အလုပ်သဘောတူစာချုပ်ပါအချက်အလက်များ ကျူးလွန်ချိုးဖောက်သဖြင့် ထိရောက်စွာအရေးယူပေးပါရန်၊ (၂) ရာထူးချအလုပ်ရပ်စဲသည့်သဘောသက်ရောက်သဖြင့် နစ်နာထိခိုက်မှုအတွက် အရေးယူပေးရန်နှင့် Substation(A) ပြန်လည်ခန့်ထားပေးရန်၊ (၃) ဆေးဝါးကုသခြင်းအတွက်ကုန်ကျစရိတ်ကို အလုပ်ရှင်ထံမှရရှိလိုခြင်း၊ (၄) DPTSC မှ တောင်းခံရယူငွေနှင့် လစာပေးချေမှုကွာခြားခြင်းကို နစ်နာမှုအရဆောင်ရွက်ပေးရန်၊ (၅) လူမှုဖူလုံရေးအသင်းဝင်ခြင်း ဝင်ငွေခွန်ပေးသွင်းခြင်းအတွက် ဝင်ငွေခွန်စာရင်းစာအုပ်မပေးခြင်း၊ ဖြတ်တောက်စာရင်းပြုလုပ်မပေးဘဲ လစာငွေပေးခြင်းတို့အား အရေးယူဆောင်ရွက်ပေးရန်တို့ဖြစ်ကြပါသည်။

၉။ ခုံသမာဓိအဖွဲ့ အမှုစစ်ဆေးရာတွင် အလုပ်သမားကိုယ်စားလှယ်၏ထွက်ဆိုချက်များမှာ (၁) (၈-၈-၂၀၁၆) ရက်နေ့တွင် အလုပ်စတင်ဝင်ရောက်ပြီး၊ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလတွင်ဆေးရုံတက်ခဲ့ကြောင်း၊ (၂) လုပ်ငန်းမှဆေးရုံတက်သည်ကိုသိရှိသော်လည်း လာမကြည့်၊ ခံစားခွင့်မပေး၊ အထောက်အထားမတောင်းကြောင်း၊ အလုပ်သမားဘက်မှလည်း ဆေးစာတင်ပြခြင်းမရှိ၊ ဆေးလက်မှတ်လိုအပ်သည်ကို သိရှိကြောင်း၊ (၃) လစာမှတ်တမ်း ဒေါ်သီဂီဝင်းလက်ထဲတွင်သာရှိကြောင်း၊ အလုပ်ခန့်စာချုပ်လည်း အလားတူအခြေအနေဖြစ်ကြောင်း၊ (၄) ဆေးရုံတက်ပြီးနောက် ပုံမှန်အလုပ်လုပ်ကြောင်း၊ (၅) EC စာချုပ်မပေးကြောင်း၊ အလုပ်သမားမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်မရှိကြောင်း၊ (၅) Substation Engineer (A) မှ (C) ပြောင်းလဲမှုစာချုပ် တစ်စုံတစ်ရာမရှိကြောင်း၊ အလုပ်ထွက်ခွာနီးတစ်ရက်တွင်မှပြောကြောင်း၊ စာမရှိကြောင်း၊ (၆) လျော်ကြေးလိုချင်သောကြောင့်မဟုတ်ဘဲ Substation Engineer (A)မှ (C) ပြောင်းခြင်းနစ်နာ၍ (A) အဖြစ်လိုချင်ခြင်းကြောင့်

တိုင်ကြားမှုဖြစ်ကြောင်း၊ မူလ (A) အဆင့်အတိုင်း ပြန်လည်ခန့်ထားစေလို၍ တောင်းဆိုခြင်းဖြစ်ကြောင်း၊ ငွေကြေးမပါပါကြောင်း စသောအချက်များဖြစ်ပါသည်။

၁၀။ (၁၀-၇-၂၀၁၇) ရက်နေ့ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့တွင် အလုပ်ရှင်၏ထွက်ဆိုချက်မှာ (၁) (A) အဆင့်၊ လ(၅၀)၊ လစာငွေ (၁၈)သိန်းသည် တရားဝင်စာချုပ်ဖြင့်ခန့်ထားခြင်းမရှိသေးကြောင်း၊ (၂) ၂၀၁၆ ခုနှစ်၊ ဩဂုတ်လမှ ၂၀၁၇ ခုနှစ်၊ ဧပြီလအထိ (A) အဆင့်ဖြင့်သာ တာဝန်ထမ်းဆောင်စေခဲ့ကြောင်း၊ (၃) အလုပ်လုပ်ရာတွင် အားရကျေနပ်ဖွယ်မရှိခြင်း၊ ကုမ္ပဏီမှပေးအပ်သောတာဝန်ကို ကျေပွန်စွာထမ်းဆောင်မှုမရှိခြင်း၊ ကျန်းမာရေးကောင်းမွန်မှုမရှိခြင်းကြောင့် အလုပ်ရပ်နားရန် ဆုံးဖြတ်ခဲ့ကြောင်း၊ နှုတ်ဖြင့်အသိပေးခဲ့ကြောင်း၊ (၄) (A)အဆင့်မှ (C)အဆင့်ပြောင်းလဲစာကို ပို့ထားပြီးဖြစ်ကြောင်း၊ ဝင်းသိင်္ဂီကုမ္ပဏီမှ လစာငွေပေးချေကြောင်း စသောအချက်များဖြစ်ပါသည်။

၁၁။ (၂၂-၈-၂၀၁၇) ရက်စွဲဖြင့် အလုပ်ရှင်ကတင်သွင်းပြီး ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနက လက်ခံထားသည့် ချေပလွှာတွင်ပါဝင်သော အချက်များမှာ (၁) လစာ(၁၈)သိန်း၊ Engineer (A) အဆင့်ဖြင့် TEPS (TOKYO ELECTRIC POWER SERVICES) ကုမ္ပဏီရုံးအတွက် ခန့်ထားကြောင်း၊ (၂) (၈-၈-၂၀၁၆) ရက်နေ့မှ (၂၆-၈-၂၀၁၆) ရက်နေ့အထိ အလုပ်လုပ်ကြောင်း၊ (၂၇-၈-၂၀၁၆) ရက်နေ့တွင် ဆေးရုံတက်ပြီး၊ (၂-၁၁-၂၀၁၆) ရက်နေ့တွင် အလုပ်ပြန်လုပ်ခဲ့ကြောင်း၊ ဆေးစာတင်ပြမှုမရှိကြောင်း၊ တောင်းသော်လည်း တင်ပြမှုမရှိကြောင်း၊ (၃) တာဝန်ပေးအပ်သည့်အလုပ်မပြီးကြောင်း၊ Report လည်းမရေးနိုင်၊ ပေးအပ်သည့်အလုပ်ကို အခြားအင်ဂျင်နီယာသို့လွှဲပြီး ဘာအလုပ်မှမပြီးကြောင်း၊ ပြန်လည်ဆွေးနွေးမေးမြန်းခြင်းမရှိ၊ ပြန်လည်တင်ပြခြင်းမရှိ၊ မှတ်တမ်းများတောင်းဆိုရာ ပေးအပ်နိုင်ခြင်းမရှိ၊ ပူးပေါင်းဆောင်ရွက်မှုလည်းလုံးဝမရှိကြောင်း၊ (၄) ကျန်းမာရေးအခြေအနေ အင်ဂျင်နီယာတစ်ယောက်တွင်ရှိရမည့် ကြံ့ခိုင်မှုစွမ်းရည်လုံးဝမရှိကြောင်း၊ (၅) စီမံကိန်းသတ်မှတ်ထားသော ပြီးစီးရမည့် Target ကို မရောက်ရှိနိုင်တော့မည်ဖြစ်၍ သက်ဆိုင်ရာဌာနသို့ Engineer (A) အဆင့်မှ (C) အဆင့်သို့ ပြောင်းလဲသတ်မှတ်ရန်တင်ပြခဲ့ရာ သဘောတူခွင့်ပြုခဲ့ကြောင်း၊ (၆) Engineer (C) အဆင့် လုပ်ဆောင်ရမည့်ကာလမှာ (၈-၈-၂၀၁၆) ရက်နေ့မှ (၁၀-၇-၂၀၁၇) ရက်နေ့အထိဖြစ်ကြောင်း စသောအချက်များဖြစ်ပါသည်။

၁၂။ ခုံသမာဓိအဖွဲ့ အမှုစစ်ရာတွင် အလုပ်ရှင်ဘက်မှ ထွက်ဆိုချက်များမှာ (၁) EC စာချုပ်မရှိကြောင်း၊ (၂) လစာပေးမှတ်တမ်းတင်ပြထားကြောင်း၊ ဝင်ငွေခွန်ဆောင်သည့်မှတ်တမ်းထားရှိကြောင်း၊ (၃) ဂျပန် Project မန်နေဂျာမှ ခိုင်း၍မရကြောင်း၊ အပြန်အလှန်မေးမြန်းခြင်းမရှိ၊ မေး၍မရ၊ ဒေါ်ခင်နှင်းလွင်လည်းရှိ၊ ကျန်းမာရေးကောင်းပုံမရ၊ ရုံးမှာကြာကြာမထိုင်နိုင်၊ ခိုင်းစေ၍မရ၍ အလုပ်မှရပ်စဲပေးရန် ထုတ်မည်ဆိုပါက ဦးအောင်မြင့်သိန်းအတွက် မကောင်းပါ။ Substation (A) အဖြစ် ရေရှည်မလုပ်နိုင်ပါက (C) အဖြစ်ပြောင်းရန်ပြောရာ လက်ခံခဲ့ကြောင်း၊ (၄) အလုပ်ဖြုတ်

သည်မဟုတ်ပါ။ Substation (C)သည် (၈) လ period ပြည့်၍ဖြစ်ပါကြောင်း၊ (၅) (၂၇-၈-၂၀၁၆) ရက်နေ့ ဆေးရုံတက်၊ (၂-၁၁-၂၀၁၆) ရက်နေ့၌ ရုံးပြန်တက်၊ Fit certificate တောင်းရာမပေးကြောင်း၊ ဆေးရုံတက်စဉ် မိမိသွားကြည့်ပြီး လူမှုရေးအရငွေတစ်သိန်းခွဲ(+)ငှက်ပျောသီးလက်ဆောင်ဖြင့်သွားခဲ့ပြီး၊ ဂျပန်များလည်းသွားခဲ့ပါကြောင်း, (၆) လူမှုဖူလုံရေး Card ကို ယင်းရုံးမှ ထုတ်မပေးသေးကြောင်း၊ ဂျပန်ကုမ္ပဏီမှပေးငွေနှင့် ဦးအောင်မြင့်သိန်း၏လစာပေးမှုကွာခြားခြင်း၊ နစ်နာခြင်းကို အလုပ်သမားတစ်ဦးအနေဖြင့်သိရှိခွင့်မရှိကြောင်း စသောအချက်များဖြစ်ပါသည်။

၁၃။ ခုံသမာဓိအဖွဲ့ သုံးသပ်ချက်များမှာ (၁) အလုပ်ရှင်၊ အလုပ်သမားတို့မှ ချုပ်ဆိုထားသည့် အလုပ်ခန့်ထားမှုဆိုင်ရာစာချုပ်ကို တင်ပြနိုင်ခြင်းမရှိကြောင်း၊ (၂) အလုပ်ရှင်သည် အလုပ်သမားအား ( C ) အဆင့်သို့ မည်သည့်ပြစ်ချက်များရှိ၍ ပြောင်းလဲရခြင်းဖြစ်ကြောင်း ခိုင်လုံသောစာရွက်စာတမ်းတစ်စုံတစ်ရာ အသေးစိပ်တင်ပြနိုင်ခြင်းမရှိဘဲ အလွယ်တကူပြောင်းလဲခဲ့ကြောင်း၊ (၃) အလုပ်သမားသည် ဆေးရုံတက်မည်ကို အလုပ်ရှင်သို့ တင်ပြထားသည်ကိုမတွေ့ရှိကြောင်း၊ ဆေးကုသမှုမှတ်တမ်းတစ်စုံတစ်ရာတင်ပြမှုမရှိကြောင်း၊ ဆေးဝါးကုသစရိတ်တင်ပြထားမှုမရှိကြောင်း၊ လူမှုဖူလုံရေးအကျိုးဝင်သူဖြစ်သဖြင့် လူမှုဖူလုံရေးအကျိုးခံစားခွင့်တောင်းဆိုရမည်ဖြစ်ကြောင်း၊ (၄) အလုပ်သမားသည် လစာ(၁၈)သိန်းကိုကျေနပ်သဖြင့် လုပ်ကိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ အထောက်အထားများတွေ့ရှိရသဖြင့် လစာနှင့်ပတ်သက်၍ နစ်နာမှုမရှိကြောင်း၊ (၅) အလုပ်ရှင်က ဝင်ငွေခွန်ပေးသွင်းသည့် ပြေစာများတင်ပြသည့်အတွက် အလုပ်သမားအား ဖြတ်တောက်ငွေစာရင်းများကိုပေးသင့်ကြောင်း စသောအချက်များဖြစ်ပါသည်။

၁၄။ ယခုအမှုတွဲတွင် အလုပ်သမား၏ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့တိုင်ကြားသည့်စာကို မတွေ့ရှိရပါ ။ (၂၁-၆-၂၀၁၇) ရက်စွဲဖြင့် အလုပ်ရပ်စဲမှုအတွက် တိုင်ကြားခြင်းဟူသော အကြောင်းအရာဖြင့် အမှုတင်ဆောင်ရွက်ခဲ့သည်ကို တွေ့ရပါသည်။ အလုပ်သမားအား (၂၇-၆-၂၀၁၇) ရက်နေ့နှင့် (၂၄-၇-၂၀၁၇) ရက်နေ့များတွင် ညှိနှိုင်းခဲ့သည့်မှ ထွက်ဆိုချက်များကို တွေ့ရှိရပါသည်။ အလုပ်ရှင်အား (၁၀-၇-၂၀၁၇) ရက်နေ့တွင် ညှိနှိုင်းခဲ့သည့်မှ ထွက်ဆိုချက်များကို တွေ့ရှိရပါသည်။ ညှိနှိုင်းပေးမှုကို (၂၇-၆-၂၀၁၇) ရက်နေ့တွင် အစပြုပြီး (၁၀-၇-၂၀၁၇) ရက်နေ့အတွင်း (၃)ကြိမ် ဆောင်ရွက်သည်ဆိုရာတွင် အလုပ်ရှင်နှင့်အလုပ်သမားတို့ နှစ်ဖက်တွေ့ဆုံညှိနှိုင်းခဲ့သည်ဟုမတွေ့ရှိရပါ။ ညှိနှိုင်းပွဲတက်ရောက်သောပုဂ္ဂိုလ်များမှာ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ ဥက္ကဋ္ဌ၊ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ အဖွဲ့ဝင်နှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ အတွင်းရေးမှူးဆိုသူများဖြစ်ကြပါသည်။ အလုပ်သမားကိုယ်စားလှယ်နှင့် အလုပ်ရှင်ကိုယ်စားလှယ်များမပါရှိခဲ့ပါ။ (၁၀-၇-၂၀၁၇) ရက်နေ့တွင် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က နောက်ဆုံးညှိနှိုင်းပြီး၊ (၁၆-၈-၂၀၁၇) ရက်နေ့တွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန(ခရိုင်ရုံး)မှ ဦးစီးအရာရှိက ခုံသမာဓိအဖွဲ့သို့ အမှုတွဲအား လွှဲပြောင်းပေးပို့ထားကြောင်း တွေ့ရှိရပါသည်။

<u>**ခုံအဖွဲ့တွင်ဆောင်ရွက်ချက်**</u>

၁၅။ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ၊ ၃၀ ရက်စွဲဖြင့် ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိသဖြင့် အလုပ်ရှင်ဘက်မှ လျှောက်ထားလွှာတွင် ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်(၂)နှင့် စပ်လျဉ်း၍ ဦးအောင်မြင့်သိန်းအား Substation (A) မှ (C) သို့ ပြောင်းလဲခြင်းသည် စောလျှင်စွာအလုပ်ရပ်နားစေလိုသည့် သဘောမရှိကြောင်း၊ ထိုသို့ပြောင်းလဲသည့်အတွက် လစာတစ်ပြားတစ်ချပ်မှ လျော့နည်းသွားခြင်းမရှိကြောင်း၊ ဂျပန် Project မန်နေဂျာ၏ စာတွင် Engineer (A) အဆင့်သို့ ခန့်ထားရန် အရည်အချင်းမပြည့်သဖြင့်လည်းကောင်း၊ ကျန်းမာရေးအခြေအနေအရလည်း ခန့်ထားရန်မဖြစ်နိုင်ကြောင်း၊ ဦးအောင်မြင့်သိန်းအား ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလနှင့် အောက်တိုဘာလ မပါဝင်ဘဲ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လမှ ၂၀၁၇ ခုနှစ်၊ ဧပြီလအထိ Engineer (A) အဖြစ် တာဝန်ပေးခဲ့ကြောင်း၊ မေလ၊ (၂)ရက်နေ့တွင် Engineer (A) မှ (C) သို့တာဝန်လွှဲပြောင်း ပေးရကြောင်း၊ Mr. Janakahanu Sonoyama ၏ စာမိတ္တူကို ခုံသမာဓိအဖွဲ့သို့ တင်ပြခဲ့ပြီးဖြစ်ကြောင်း၊ ဦးအောင်မြင့်သိန်း၏ထွက်ဆိုချက် (၃)တွင် ကျန်းမာရေးမကောင်း၍ ဆေးရုံတက် ဆေးကုသမှုခံယူနေခဲ့ကြောင်း ဝန်ခံနေခြင်းကပင် ကျန်းမာရေးအခြေအနေအရ (A)တာဝန်ကို ထမ်းဆောင်နိုင်ခြင်းမရှိဟု ပေါ်ပေါက်နေကြောင်း၊ (A)အဆင့်တွင် ပြန်လည်ခန့်ထားသင့်ကြောင်း ဆုံးဖြတ်ချက်သည် မှန်ကန်ခြင်းမရှိကြောင်းစသောအချက်များပါရှိပါသည်။

၁၆။ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်(၅)နှင့်စပ်လျဉ်း၍ ဦးအောင်မြင့်သိန်း၏အခွန်များနှင့် လူမှုဖူလုံရေးသို့ လစဉ်ထည့်ဝင်ခြင်းများကို ဒေါ်သီတာဝင်းက ပေးဆောင်ရပြီး၊ မူရင်းစာအုပ်ကို တင်ပြ၍ ထမ်းဆောင်ရကြောင်း၊ အလုပ်သမား၏လစာမှ ဖြတ်တောက်ငွေစာရင်းကိုပေးရမည်ဆိုရာတွင် မူရင်းပေးရမည်လား၊ မိတ္တူပေးရမည်လားမပါရှိသဖြင့် အယူခံဝင်ခြင်းဖြစ်ကြောင်း စသောအချက်များ ပါရှိပါသည်။

၁၇။ ခုံအဖွဲ့မှ အမှုစစ်ရာတွင် အလုပ်ရှင်ဘက်မှ ထွက်ဆိုချက်များမှာ (၁) ဦးအောင်မြင့်သိန်းသည် အလုပ်ဆင်းရက် (၁၈)ရက်သာရှိချိန်တွင် ဆေးရုံသို့ (၂)လတက်ရောက်ကြောင်း၊ (၂) လက်ရှိအလုပ်မှာ စာရွက်စာတမ်းအရ ဆောင်ရွက်နေရခြင်းဖြစ်ပြီး၊ နောက်ပိုင်းတွင် ကွင်းဆင်း၍ လုပ်ငန်းများဆောင်ရွက်ရမည်ဖြစ်ရာ ကျန်းမာရေးအရ လုပ်ကိုင်နိုင်ခြင်းမရှိ၍ အလုပ်ပြန်လည်ခန့်အပ်ပေးနိုင်ခြင်းမရှိကြောင်း၊ (၃) လူမှုဖူလုံရေးထည့်ဝင်ကြေးဖြတ်မှုနှင့် ဝင်ငွေဖြတ်မှုများအတွက် ကဒ်(မူရင်း)နှင့် စာအုပ်မူရင်းကို ပြန်ပေးမည်ဖြစ်ကြောင်း၊ (၄) Engineer (A) အဆင့်မှ (C)အဆင့်သို့ ပြောင်းလဲသည့်စာကို (၁၂-၅-၂၀၁၇) ရက်နေ့မှ တစ်ပတ်ခန့်အကြာ၌ပေးခဲ့ကြောင်း၊ ဦးအောင်မြင့်သိန်းမှလည်းလက်ခံခဲ့ကြောင်း၊ (၅) Pay Bill မူရင်းများနှင့် မိတ္တူများကို တင်ပြပါကြောင်း၊ (၆) Engineer (A) မှ (C) သို့ပြောင်းလဲခြင်းမှာ ပေးအပ်သည့်တာဝန်ကိုမလုပ်နိုင်ဟု သုံးသပ်ချက်ကြောင့်ဖြစ်ကြောင်း စသောအချက်များဖြစ်ပါသည်။

၁၈။ ခုံအဖွဲ့မှ အမှုစစ်ရာတွင် အလုပ်သမား၏ထွက်ဆိုချက်များမှာ (၁) ဆုံးဖြတ်ချက်(၂)တွင် (A) အဆင့်တွင် ပြန်လည်ခန့်ထားမည်ဆိုသည့်အချက်ကိုလက်ခံကြောင်း၊ (၂) လက်ရှိ အလုပ်လက်မဲ့အခြေအနေနှင့် နစ်နာမှုများရှိနေကြောင်း၊ (၃) (A) အဆင့်မှ (C) အဆင့်သို့ လုပ်ငန်းမှ ပြောင်းလဲရာတွင် ဒေါ်ခင်နှင်းလှိုင်၏လုပ်သက်နှင့်ဆက်ပြီး သတ်မှတ်ခြင်းဖြစ်ကြောင်း၊ (၄) ၂၀၁၇ ခုနှစ်၊ မေလနှင့် ဇွန်လ လစာစာရင်းမှာ (C) အဆင့်နှင့်လစာထုတ်ယူထားသည့်နှင့်စပ်လျဉ်း၍ ကွန်ပျူတာဖြင့် ဖြင့်ရိုက်ထားသည်ဟုယူဆကြောင်း၊ Engineer (A)အဆင့်မှ (C) အဆင့်သို့ ပြောင်းလဲစာကို (၄-၇-၂၀၁၇) ရက်နေ့မှ နောက်တစ်ပတ်အတွင်း၌ လက်ခံရရှိကြောင်း စသော အချက်များဖြစ်ပါသည်။

<u>သုံးသပ်ချက်</u>

၁၉။ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်အမှတ်(၂)ပါ (A) အဆင့်နှင့် သင့်လျော်သောဆောင်ရွက်ချက်များထမ်းဆောင်မည်ဖြစ်ပါက (A) အဆင့်သို့ပြန်လည်ခန့်ထားသင့်ကြောင်း ဆုံးဖြတ်ချက်မှာ တိကျသေချာခြင်းမရှိပါ။ သင့်လျော်သော ဆောင်ရွက်ချက်များထမ်းဆောင်မည်ဖြစ်ပါကဟု သုံးနှုန်းထားသဖြင့် အလုပ်သမား၏ ကျန်းမာရေးကောင်းမွန်သည်ဖြစ်စေ၊ မကောင်းမွန်သည်ဖြစ်စေ အလုပ်သမားက ထမ်းဆောင်မည်ဖြစ်လျှင် အလုပ်ခန့်ထားရမည်သဘော သက်ရောက်နေပါသည်။

၂၀။ အလုပ်သမားအနေဖြင့် ဆေးရုံသို့ (၂)လတာမျှ တက်ရောက်ကုသခဲ့ပြီး အလုပ်ပြန်လည်ဝင်ရောက်လုပ်ကိုင်ရာတွင် ဆေးလက်မှတ်တင်ပြခြင်းမပြုခဲ့ခြင်းများမှာ မဖြစ်သင့်ပါ။ ယခုအလုပ်သမားမှာ ပြည်သူ့ဝန်ထမ်းအရာရှိ အငြိမ်းစားဖြစ်သဖြင့် အလုပ်ပြန်လည်လုပ်ကိုင်မှုကို သက်ဆိုင်ရာ ဆရာဝန်၏ထောက်ခံချက်ဖြင့် ဝင်ရောက်လုပ်ကိုင်မှုဖြစ်သင့်ကြောင်း၊ အလုပ်သမားအနေဖြင့် နားလည်မည်ဟုသုံးသပ်ပါသည်။ အလုပ်ပြန်လည်လုပ်ကိုင်နိုင်ကြောင်း ဆေးလက်မှတ် (Fit Certificate) တင်ပြခြင်းမပြုနိုင်သူအား အလုပ်ခွင်တွင် ဆက်လက်လုပ်ကိုင်ခွင့်ပေးခဲ့ခြင်းမှာ အလုပ်ရှင်ဘက်မှ လိုအပ်သလို တာဝန်ယူလိုက်သည့်အခြေအနေဖြစ်ပြီး၊ အမှုဖြစ်ပွားသည့်အခါတွင်မှ အလုပ်သမား ကျန်းမာရေးမကောင်း၍ ဆေးရုံတက်ဆေးကုသမှုခံယူနေခဲ့ကြောင်း ဝန်ခံရာရောက်သည်ဟု ချေပပြီး၊ ကျန်းမာရေးအခြေအနေအရ Engineer (A) တာဝန်ကို ထမ်းဆောင်နိုင်ခြင်းမရှိဟု ပေါ်ပေါက်ကြောင်းဖော်ပြခြင်းမှာ ပြည့်စုံနိုင်လုံခြင်းမရှိဟုသုံးသပ်ပါသည်။ ထိုကိစ္စရပ်မျိုးအတွက် သက်ဆိုင်ရာ ဆရာဝန်၏ထောက်ခံချက်အရသာ သတ်မှတ်သင့်ပါသည်။ ပုဂ္ဂိုလ်တစ်ဦးဦးအား အလုပ်ခန့်ထားရန်ဖြစ်ပါက အလားတူဆောင်ရွက်နိုင်ပါသည်။ ယခုအလုပ်သမားသည် လူမှုဖူလုံရေးဥပဒေနှင့် အကျုံးဝင်သည့်အလျောက် ထိုအဖွဲ့မှ ထုတ်ပေးသည့် ဆေးလက်မှတ်ရယူရန်သင့်သည်ဟု သုံးသပ်ပါသည်။

၂၁။ အလုပ်သမားအား ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလနှင့် အောက်တိုဘာလမပါဝင်ဘဲ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လမှ ဧပြီလအထိ Engineer (A) အဖြစ်တာဝန်ပေးခဲ့ကြောင်း, ၂၀၁၇ ခုနှစ်၊ မေလ၊ ၂ ရက်နေ့တွင် Engineer (A) မှ (C) သို့ လုပ်ငန်းလုပ်ကိုင်မှုနှင့် ကျန်းမာရေးအခြေအနေအရ

တာဝန်လွှဲပြောင်းပေးအပ်ကြောင်း၊ အလုပ်ရှင်၏ဖော်ပြထားချက်အရ အလုပ်သမား၏ Engineer (C) လုပ်သက်သည် အလုပ်ရပ်စဲခံရသည့် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လအထိ အများဆုံး (၃)လကျော်ရုံမျှသာ ရှိမည်ဖြစ်ပါသည်။ Engineer (A) အဖြစ် လုပ်ကိုင်ခဲ့သောကာလကို Engineer (C) ၏ လုပ်သက်ကာလအဖြစ်သတ်မှတ်ကာ လုပ်သက်(၈)လကျော်ပြီဟုယူဆခြင်းမှာ မှန်ကန်မှုရှိသည်ဟု မသတ်မှတ်နိုင်ကြောင်း သုံးသပ်ပါသည်။

၂၂။ လူမှုဖူလုံရေးထည့်ဝင်ကြေးပေးသွင်းရန် အလုပ်သမား၏လစာမှငွေဖြတ်တောက်ပေးသွင်းခြင်းမှာ သီးခြားတစ်ဦးချင်းစီဆောင်ရွက်ခြင်းမဟုတ်ဘဲ အလုပ်သမားအားလုံးအတွက် ဆောင်ရွက်ခြင်းဖြစ်၍ သီးခြားမှတ်တမ်းထားရှိရန်မလိုဟုတွေ့ရှိရပါသည်။ ဝင်ငွေခွန်ပေးသွင်းရာတွင် ကာယကံရှင်တစ်ဦးချင်းအတွက် သက်ဆိုင်ရာရုံးမှ ထုတ်ပေးထားသည့်မှတ်တမ်းဖြင့် ဆောင်ရွက်ရသည်ဖြစ်ရာ ထိုမှတ်တမ်းကို သက်ဆိုင်ရာအလုပ်သမားက ထိန်းသိမ်းရမည်ဖြစ်ပါသည်။ ငွေပေးသွင်းရန် လိုအပ်ချိန်တွင် ကာယကံရှင်ထံမှ ထိုမှတ်တမ်းကိုတောင်းယူ၍ လိုအပ်သလိုဆောင်ရွက်ရမည်ဖြစ်ပါသည်။ အမှုစစ်ဆေးချိန်၌ပင် အလုပ်ရှင်က အလုပ်သမား၏ လူမှုဖူလုံရေးစမတ်ကဒ်နှင့် ဝင်ငွေခွန်ပေးဆောင်သည့်မှတ်တမ်းများကို ပေးအပ်/လက်ခံပြီးဖြစ်ပါသည်။ -

၂၃။ အလုပ်သမား၏ (၂၁-၆-၂၀၁၇) ရက်စွဲပါစာဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ တိုင်ကြားစာတွင် (၃၁-၅-၂၀၁၇) ရက်နေ့တွင် မိမိအား Engineer (A) အဆင့်မှ (C) အဆင့်သို့ ပြောင်းလဲခဲ့ကြောင်းပါရှိပြီး၊ ခုံအဖွဲ့၌ ထွက်ဆိုရာတွင် (၄-၇-၂၀၁၇) ရက်နေ့ နောက်တစ်ပတ်အတွင်း၌ စာရရှိကြောင်းပြောကြားမှုလည်းရှိပါသည်။ အလုပ်ရှင်ဘက်မှ (၁၂-၅-၂၀၁၇)ရက်နေ့မှ တစ်ပတ်ခန့်အကြာတွင် Engineer (A) အဆင့်မှ (C) အဆင့်သို့ ပြောင်းလဲစာကို ပေးခဲ့ကြောင်းထွက်ဆိုခဲ့ပါသည်။ အလုပ်သမား လက်မှတ်ရေးထိုးထားသော ၂၀၁၇ ခုနှစ်၊ မေလနှင့် ဇွန်လ လစာစာရင်းတွင် ဦးအောင်မြင့်သိန်းအား Engineer (C)အဖြစ် ဖော်ပြထားပါသည်။ ထိုအချိန်ကပင် အလုပ်သမားအနေဖြင့် တိုင်ကြားလိုက တိုင်ကြားနိုင်ပြီဖြစ်ပြီး (၂၁-၆-၂၀၁၇) ရက်နေ့တွင် တိုင်ကြားထားကြောင်း တွေ့ရှိရပါသည်။

၂၄။ အလုပ်ရှင်၏ Engineer (A) အဆင့်မှ (C) အဆင့်သို့ ပြောင်းလဲစာတွင် The Engineer C is assigned for the period of 8 months ဟု ဖော်ပြထားသော်လည်း အထက်အပိုဒ်တွင် ဖော်ပြပါရှိသည့် Engineer (A) အဆင့်မှ (C) အဆင့်သို့ ပြောင်းလဲသည့်ရက်မှတွက်လျှင် (၈) လ မရောက်သေးမီ အလုပ်သမားအား အလုပ်ထုတ်ခဲ့ကြောင်းတွေ့ရှိရပါသည်။ အလုပ်ထုတ်ခံရသောရာထူးမှာ Engineer (C) အဆင့်ဖြစ်နေပါသည်။

၂၅။ အလုပ်သမားအနေဖြင့် တာဝန်အရလုပ်ရမည့်လုပ်ငန်းများကို ထမ်းဆောင်နိုင်သည့် ကျန်းမာရေးပြည့်ဝခြင်းရှိ/မရှိကို သာမန်အမြင်ဖြင့်ဆုံးဖြတ်ပါက မှန်ကန်မည်ဟုအတိအကျမှတ်ယူခြင်း မပြု

နိုင်ပါ။ သက်ဆိုင်ရာဆေးဘက်ဆိုင်ရာဝန်ထမ်း၏ သတ်မှတ်ချက်အရသာ ဆုံးဖြတ်သင့်သည်ဟု သုံးသပ်ပါသည်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** နေပြည်တော်၊ ပြည်ထောင်စုနယ်မြေ၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို ပယ်ဖျက်လိုက်ပြီး၊ အလုပ်ရှင်က အလုပ်သမားအား ဆေးလက်မှတ်ထုတ်ပေးနိုင်သည့် သက်ဆိုင်ရာအစိုးရဆေးရုံ၊ ဆေးခန်း (သို့မဟုတ်) သက်ဆိုင်ရာလူမှုဖူလုံရေးအဖွဲ့ဆေးရုံ၊ ဆေးခန်းမှ အလုပ်လုပ်ကိုင်ရန် သင့်ကြောင်း ဆေးလက်မှတ် (Fit Certificate) ရယူစေပြီး ထိုဆေးလက်မှတ်တင်ပြလာပါက Engineer (C) အဆင့်တွင် ပြန်လည်ခန့်ထားရန် ဆုံးဖြတ်လိုက်သည်။

**ဆုံးဖြတ်ချက်အမှတ်(၂)။** အလုပ်သမားအား လူမှုဖူလုံရေးစမတ်ကဒ်နှင့်ဝင်ငွေခွန်ပေးဆောင်သည့် မှတ်တမ်းများကို ပေးအပ်ပြီးဖြစ်၍ ဆက်လက်ဆောင်ရွက်ရန် မလိုကြောင်း ဆုံးဖြတ်လိုက်သည်။

ဤဆုံးဖြတ်ချက်သည်အထက်တွင် ဖော်ပြထားသောနေ့ရက်မှစ၍အာဏာတည်စေရမည်။

| | | |
|---|---|---|
| ဦးထွန်းအောင် | ဦးအောင်သန်း | ဦးသိန်းကြွယ် |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |